# ၂၅၅။ ယုံကြည်ခြင်းသည်အောင်မြင်ခြင်းတည်း

## Faith is the Victory

အလင်းတော်၏ ကမ်းပါးယံ၌၊ ခရစ်ယာန် စစ်သည်တော်များ၊ စ
ခန်းချလျက် တပ်စွဲနေပါ၊ တောင်အောက် ရန်သူများကို အားကုန်သွန်လျက် ချီ
တက် တိုက်ကြ၊ လင်းရောင်ရှိချိန် တိုက်ပါ၊ ယုံကြည်ခြင်းသည် အောင်မြင်ခြင်းတည်း၊ လော
ကကို အောင်ခြင်းတည်း။ ယုံခြင်းဖြင့် အောင်မြင်သည်၊ ယုံခြင်းဖြင့်
အောင်မြင်သည်၊ ဤလောကကို အောင်နိုင်သည်၊ ကြီးစွာသော အောင်ခြင်းတည်း။

မေတ္တာတော်သည် ငါတို့အလံ၊ နှုတ်ကပတ်တော်ကား ဓါး၊ သန့်
ရှင်းသူတို့ ခြေရာလျှောက်လျက် ဝမ်းမြောက်စွာ ကြွေးကြော်ပါ၊ လျင်မြန်လှသော လေ
ဗွေကဲ့သို့၊ ရန်သူရှိရာ ဝင်ကြ၊ သေခြင်းကို အောင်သော ယုံခြင်းဖြင့်၊ ရန်
သူကို အောင်မြင်ပါ။ ယုံခြင်းဖြင့် အောင်မြင်သည်၊ ယုံခြင်းဖြင့်
အောင်မြင်သည်၊ ဤလောကကို အောင်နိုင်သည်၊ ကြီးစွာသော အောင်ခြင်းတည်း။

ကြောက်ဖွယ် မာရ်နတ် စစ်သည်အများ၊ နေရာ အနှံ့ရောက်လာ၊ သို့
ကြောင့် ဘုရား လက်နက်စုံကို၊ အသင့် တပ်ဆင်၍ထား၊ ကယ်တင်ခြင်း သံခ
မောက်ကို ဆောင်း၊ သစ္စာခါး ပန်းကိုစည်း မြေကြီး တုန်လှုပ်၊ ပွဲတင်ထပ်မျှ၊ ကြွေး
ကြော် အော်ဟစ်ကုန်ကြ။ ယုံခြင်းဖြင့် အောင်မြင်သည်၊ ယုံခြင်းဖြင့်
အောင်မြင်သည်၊ ဤလောကကို အောင်နိုင်သည်၊ ကြီးစွာသော အောင်ခြင်းတည်း။

၈၁